**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

# ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား အား လေကြောင်းမှ ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခြင်းအား ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာချက်

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၃၀) ရက်၊ ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ်၊ သလေထိုင်ခုတ်ဖို (၁) ရက်နေ့၊ ဒူးသထူ ခရိုင်အတွင်းရှိ ယိုကလားနှင့် ထီးဖဒိုထာအကြား နှင့် မူတြော်ခရိုင် အတွင်းရှိ နိုဖေါထီးကျေးရွာတွင် ကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့ အခန်းအနားအပြီး ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများကျင်းပရာနေရာများကို စစ်ကောင်စီ က လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ပါသည်။

ခေတ်သစ်မြန်မာသမိုင်းတလျှောက် အစိုးရအဆက်ဆက်၏အသိအမှတ်ပြုမှုကို ခံခဲ့ရသည့် ကရင်နှစ်သစ်ကူးပွဲ တော်အား အာဏာသိမ်းစစ်အုပ်စုက လူသိရှင်ကြား ရည်ရွယ်ချက်ရှိရှိဖြင့် စော်ကားတိုက်ခိုက်လိုက်သည့် သမိုင်းဝင် သင်္ကေတ လက္ခာဏာ တရပ်လည်း ဖြစ်ပါသည်။

ဤလုပ်ရပ်သည် အာဏာသိမ်းစစ်ခေါင်းဆောင်က ကရင်လူမျိုးများအထွတ်အမြတ်ထားရာ ကရင်နှစ်သစ်ကူးပွဲ တော်အား ဂုဏ်သိက္ခာညှိုးနွမ်းစေပြီး ပွဲတော်တက်ရောက်သူများအား သွေးစွန်းညစ်ထေး၍ သေကြေပျက်စီး စေရန် ရည်ရွယ်သည့်လုပ်ရပ်အဖြစ် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးက သတ်မှတ်ပြီး ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်သည် ကရင်လူမျိုးများအား “ယဉ်ကျေးမှုထိန်းသိမ်းရန်တိုက်တွန်းသည်” ဟု ဟန်ပြ ပြောဆိုသော်လည်း ဤတိုက်ခိုက်မှုဖြင့် ၎င်းတို့လိုလားသော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေး တို့သည် စစ်ဘောင်အတွင်းက ထားရာနေ၊ စေရာသွားသော အဓိပ္ပါယ်ကို ဖော်ဆောင်ကြောင်း ပြသခြင်းလည်း ဖြစ်ပါသည်။

ယနေ့ ပြည်သူလူထုတရပ်လုံးကြုံတွေ့နေရသည့် ဒုက္ခဆင်းရဲခြင်းများနှင့်အတူ မြန်မာနိုင်ငံကို စနစ်တကျ ဖျက်ဆီးနေသည့် အဓိကတရားခံမှာ လက်ရှိ စစ်တပ်သာဖြစ်ပါသည်။ ကောင်းမွန်သောအနာဂတ်နှင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုကို လိုလားသည့် တပ်ဗိုလ်၊ တပ်မှူးများက ဦးဆောင်လျှက် လက်ရှိအနေအထားမှ ဖောက်ထွက်ပြီး သမိုင်းသစ်ကိုဖန်တည်းကြရန် တာဝန်ရှိကြောင်း KNU က နားလည်ပါသည်။

အရပ်သားအစိုးရထိန်းချုပ်မှုအောက်တွင်ရှိပြီး ပြည်သူလူထုကို အကာအကွယ်ပေးသည့် စစ်တပ်အဖြစ် အသွင်ပြောင်းရန် လိုအပ်သည်ကို နားလည်လက်ခံလျှက် အနာဂတ်တွင် နိုင်ငံရေးနှင့် ပါဝင်ပတ်သက်မှု မရှိသည့် စစ်တပ်အခန်းကဏ္ဍ၏ အသွင်းပြောင်းခြင်းကို ဆွေးနွေးညှိနှိုင်း လက်ခံရန် လိုအပ်ပါသည်။ စစ်သားများ ပီသစွာဖြင့် မိမိတို့အမှားကို ဝန်ခံခြင်းနှင့်အတူ တာဝန်ယူမှုတာဝန်ခံမှုရှိစေမည့် အမှန်တရားနှင့်တရားမျှတမှုစနစ်ကို အတူတကွ အကောင်အထည်ဖော်ရေးကို လက်ခံဆွေးနွေးရန် လိုအပ်ပါသည်။

စစ်အာဏာရှင်ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရန် ကြိုးပန်းနေကြသည့် တော်လှန်ရေးအဖွဲ့များ၏ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးဖော်ဆောင်သည့် လုပ်ငန်းစဉ်တွင် လက်ရှိ အာဏာသိမ်း စစ်ကောင်စီ၏ စစ်တပ်အတွင်းမှ ပြည်သူကိုအမှန်တကယ်ကာကွယ်လိုသူများက တော်လှန်ရေး အဖွဲ့အစည်းများ နှင့် ဆက်သွယ်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်မှုလမ်းကြောင်းမှ တာဝန်ရှိသော စစ်တပ်ကိုထူထောင်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆိုးဝါးသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှု (Crimes Against Humanity) ပြစ်မှုမြောက်သည့် တိုက်ခိုက်မှုမျိုးကို (၂၇၆၄) ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပသည့် အခါသမယတွင်ပြုလုပ်ခဲ့သည့်၊ စစ်တပ် အင်စတီကျူးရှင်းက ရာဇဝတ်မှုမျိုးကျူးလွန်သည့်အဆင့်မျိုးမှစစ်တပ်နိုင်ငံရေးတွင်မပါဝင်သည့် အခင်းအကျင်း၊ စစ်တပ်သည် ပြည်သူကိုပစ်မှတ်ထား တိုက်ခိုက်နေမှုများအတွက် တာဝန်ယူ၊ တာဝန်ခံသည့် အမှန်တရားနှင့် တရားမျှတမှုစနစ် ဖေါ်ထုတ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းဖြင့် သမိုင်းဆိုးကို ပြုပြင်ကြပါရန် ဖိတ်ခေါ်လျှက် KNU ၏ သဘောထားကို ထုတ်ဖော်အပ်ပါသည်။

**ဗဟိုအမြဲတမ်းကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**


ဆက်သွယ်ရန်

- စောနယ်ဒုဒါး ( Signal+66 98 687 9384)
- နော်ဆိုဖီ (Signal +66 80 228 0996)

E-mail: knu.comm@protonmail.com